MEDICAID

# HOOSIER ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်နှင့် HEALTHY INDIANA အစီအစဉ်များ



CareSource®



Indiana ပြည်နယ်သည် အကျိုးခံစားခွင့်အချို့ကိုပေးရန် Medicaid အစီအစဉ်များ အားလုံးကို လိုအပ်သည်။ ထိုအကျိုးခံစားခွင့်များကို စာမျက်နှာ 3-4 တွင်ဖော်ပြထားသည်။ သို့သော် ကျွန်ုပ်တို့ စီစဉ်ပေးနေသည်မှာ ထိုမျှမကပါ။ ဥပမာ-

**CareSource Life Services® နှင့် CareSource အလုပ်ချိတ်ဆက်ဝန်ဆောင်မှု-** ကျွန်ုပ်တို့၏ အသက်မွေးဝမ်းကျောင်း လမ်းညွှန်ဆရာများသည် အဖွဲ့ဝင်များကို လေ့လာသင်ယူခြင်း၊ လေ့ကျင့်ခြင်း နှင့် အလုပ်အကိုင် ရွေးချယ်စရာများကို ချိတ်ဆက်ပေးသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များကို အစားအသောက်၊ နေအိမ်၊ ရေ၊မီးဝန်ဆောင်မှု နှင့် အခြားသော လိုအပ်ချက်များအတွက် ဒေသဆိုင်ရာအကူအညီများ ရရှိရန်လည်း ကူညီဆောင်ရွက်ပေးပါသည်။ ၎င်းတို့သည် စားနပ်ရိက္ခာဘဏ်များ နှင့် အခြားနေရာများ သို့ သွားရောက်ခြင်း ကဲ့သို့သော ရပ်ကွက်တွင်း ဆေးဝါးနှင့် မသက်ဆိုင်သော လည်ပတ်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် ကူညီပေးနိုင်သည်။

**CareSource24®:** သူနာပြုတစ်ဦးနှင့် တစ်နှစ်လျှင် 365 ရက်၊ အချိန်ပြည့်၊ ပိတ်ရက်မရှိ၊ 24/7 စကားပြောနိုင်သည်။

**ပြုစုစောင့်ရှောက်မှု စီမံခန့်ခွဲသူများ-** CareSource ပြုစုစောင့်ရှောက်မှု စီမံခန့်ခွဲသူများသည် သင့်ကျန်းမာရေးလိုအပ်ချက်များ၊ သင်၏ ပြုစုစောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်မှုများ နှင့် အခြားအရာများအား ကူညီပေးနိုင်သည်။ ၎င်းတို့သည် သယ်ယူပို့ဆောင်ရေး၊ နေထိုင်ရန်နေရာနှင့် အစားအစာရှာဖွေရေး ကဲ့သို့သော ကျန်းမာရေးနှင့်ပတ်သက်သည့် လူမှုရေးရာကိစ္စများကို စီမံခန့်ခွဲရန် ကူညီပေးနိုင်သည်။ ၎င်းတို့သည် သင်၏ အကျိုးခံစားခွင့်များကို နားလည်သဘောပေါက်ရန်နှင့် ထောက်ပံ့ပေးသူများနှင့် စကားပြောဆိုနိုင်ရန် ကူညီပေးနိုင်သည်။ ၎င်းတို့သည် သင့်အား ဒေသခံအရင်းအမြစ်များကို သိရှိပြီး အသုံးပြုနိုင်စေရန်လည်း ကူညီပေးနိုင်သည်။ ကျွန်ုပ်တို့၏ ပြုစုစောင့်ရှောက်မှု စီမံခန့်ခွဲသူများသည် သင်၏လိုအပ်ချက်များနှင့် ကိုက်ညီသော စောင့်ရှောက်မှုအစီအစဉ်ကို ရေးဆွဲပေးပြီး သင်ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိအောင် ကူညီပေးပါလိမ့်မည်။

**ရောဂါစီမံခန့်ခွဲခြင်း-** ပန်းနာရင်ကြပ်၊ ဂနာမငြိမ်အာရုံစူးစိုက်နိုင်စွမ်းချို့တဲ့သောရောဂါ၊ မူးယစ်ဆေးဝါးစွဲမှု၊ အော်တစ်ဇင်၊ အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေး၊ နာတာရှည်ကျောက်ကပ်ရောဂါ နှင့် အခြားသောရောဂါများအတွက် အစီအစဉ်များ။

**Pulsewrx ဆဲလ်ဖုန်း အစီအစဉ်-** ကျွန်ုပ်တို့သည် သင့်အား အခမဲ့ သို့မဟုတ် ဈေးနှုန်းသက်သာသော စမတ်ဖုန်းကို ဝင်ရောက်ခွင့်ရရှိအောင် ကူညီပေးသော အစီအစဉ်တစ်ခုနှင့် ချိတ်ဆက်ပေးနိုင်သည်။ သင်အရည်အချင်းပြည့်မီခဲ့လျှင် CareSource24 နှင့် သုံးစွဲသူစောင့်ရှောက်ရေးအဖွဲ့ကို ဆက်သွယ်နိုင်ရန် အသုံးပြုရန်အတွက် ဖုန်းပြောခြင်း၊ စာပို့ခြင်း နှင့် အင်တာနက်အသုံးပြုခြင်း အကန့်အသတ်မရှိပြုလုပ်နိုင်သော ဖုန်းတစ်လုံးရရှိနိုင်ပါသည်။



# အဘယ့်ကြောင့် CareSource ကို အသုံးပြုရသနည်း။®?

CareSource သည် **ကျန်းမာရေးအာမခံတစ်ခုထက် အများကြီးပိုပါသည်။** သင့်ကို အလုပ်အကိုင်ရရှိစေရန်၊ ဘဏ်အကောင့်တစ်ခု စတင်ဖွင့်လှစ်ရန် သို့မဟုတ် ကိုယ်ဝန်ဆောင်ခြင်းအတွက် ပြင်ဆင်နိုင်ရန် စသည်တို့အတွက် ကျွန်ုပ်တို့ အမြဲရှိနေပါမည်။

**အခမဲ့စီးနင်းခြင်းများ-** Healthy Indiana အစီအစဉ်(HIP) နှင့် Hoosier ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် (HHW) ပတ်ကေ့ချ် A အဖွဲ့ဝင်များသည် သူတို့လိုအပ်သည့် အကြိမ်အရေအတွက်အထိ ဆရာဝန်များဆီသို့ သို့မဟုတ် အာမခံတွင်ပါဝင်သော အခြားကျန်းမာရေးဝန်ဆောင်မှုများ ရရှိရန် လည်ပတ်မှုများဆီသို့ ကုန်ကျမှုမရှိပဲ သွားလာနိုင်သည်။ လတစ်လချင်းစီတွင် ဆေးဆိုင် သို့မဟုတ် စားသောက်ဆောင်မှ အစားအသောက်ယူရန် သို့မဟုတ် ကုန်စုံစတိုးဆိုင် ဆီသို့ အသွားအပြန် 5 ကြိမ်အထိ သွားလာနိုင်သော ဝန်ဆောင်မှုလည်း ရရှိနိုင်ပါသည်။ NICU ရှိ နို့စို့ကလေးရှိသည့် မိဘများသည်လည်း ဆေးရုံသို့ အသွားအပြန် စီးနင်းနိုင်ကြသည်။

**ဆုလာဘ် အစီအစဉ်များ** CareSource အဖွဲ့ဝင်အားလုံးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အထများကို စတင်ရန်နှင့် ထိန်းသိမ်းရန် ကူညီရန် အတွက်

**ဖုန်းဖြင့်ကျန်းမာရေးဝန်ဆောင်မှု** ဖုန်း သို့မဟုတ် ကွန်ပြူတာကို အသုံးပြု၍ ဆရာဝန်နှင့် ပြသခြင်း။ ER သို့မဟုတ် အရေးပေါ်အခြေအနေမဟုတ်သော အရေးတကြီး စောင့်ရှောက်မှုများအတွက် ဆရာဝန်၏ရုံးခန်း၌ အချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်းကို ရှောင်ရှားနိုင်ရန်ကူညီပေးသည်။ သင်သည် စိတ်ကျန်းမာရေး သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှု ကိစ္စရပ်များအတွက်လည်း ဖုန်းဖြင့်ကျန်းမာရေးဝန်ဆောင်မှု ကို အသုံးပြုနိုင်သည်။

**CareSource မိုဘိုင်း အပ်ပ်-** အဖွဲ့ဝင်မှတ်ပုံတင်ကတ်၊ အရေးကြီးသော အသစ်ပြင်ဆင်မှုများနှင့် ဆရာဝန်များကို လွယ်ကူစွာ ရှာဖွေနိုင်စေရန် အခွင့်အရေးပေးမည်ဖြစ်သည်။

**စိတ်ကျန်းမာရေး အထောက်အပံ့ – myStrength and BeMe:** စိတ်ကျန်းမာရေးနှင့် ကျန်းမာသုခကို အထောက်အပံ့ပေးနိုင်ရန်အတွက် လုံခြုံပြီး စိတ်ချရသော ဒီဂျစ်တယ်ကိရိယာများ။

**ပြန်လည်ဝင်ရောက်ခြင်း အစီအစဉ်-** ရာဇဝတ်မှုမှတ်တမ်းဖျက်ခြင်းနှင့် ပတ်သက်သော အကူအညီအပါအဝင် မကြာသေးခင်က အချုပ် သို့မဟုတ် အကျဉ်းထောင်မှ လွတ်မြောက်လာသော အဖွဲ့ဝင်များအတွက် အကူအညီ။

**ယာဉ်မောင်းလိုင်စင် ပြန်လည်အသက်သွင်းခြင်း အကျိုးကျေးဇူးများ-** ယာဉ်မောင်းလိုင်စင်ဆိုင်းငံ့ခံထားရသူများအတွက် အကူအညီ။

# HEALTHY INDIANA အစီအစဉ်

The Healthy Indiana အစီအစဉ် (HIP) သည် အသက် 19 နှစ်မှ 64နှစ် အထိ ဝင်ငွေနည်းပါးသော Indiana ပြည်နယ်သား Hoosiers များအတွက် ဆေးရုံစောင့်ရှောက်မှု၊ စိတ်ကျန်းမာရေး နှင့် အပြုအမူဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၊ မူးယစ်ဆေးဝါးစွဲခြင်းအတွက် ကုသမှု၊ ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်မှု၊ ဆရာဝန်ထံသွားရောက်ပြသခြင်းနှင့် ဆေးအညွှန်းများ ပါဝင်သော အကျိုးခံစားခွင့်များနှင့် ကျန်းမာရေးအာမခံဝန်ဆောင်မှု အစီအစဉ်ဖြစ်ပါသည်။



**အောက်တွင် HIP အဖွဲ့ဝင်များရရှိနိုင်သော အစီအစဉ်များဆီသို့ အမြန်လမ်းညွှန်ချက် ပါရှိသည်-**

| | **HIP အပိုဆောင်း** အဖွဲ့ဝင်အားလုံးရရှိနိုင်သည်။ | **HIP အခြေခံ** ဝင်ငွေအပေါ်အခြေခံ၍ အဖွဲ့ဝင်အချို့ ရရှိနိုင်သည်။ | **HIP ကိုယ်ဝန်ဆောင်ခြင်း** ကိုယ်ဝန်ရှိကြောင်း အကြောင်းကြားသော အဖွဲ့ဝင်အားလုံးရရှိနိုင်သည် | **HIP ပြည်နယ်အစီအစဉ်** တိုးမြှင့်ထားသော အကျိုးခံစားခွင့်ရရှိရန် အရည်အချင်းပြည့်မီသော အဖွဲ့ဝင်များအတွက် ရရှိနိုင်သည် (ဥပမာအားဖြင့် ကျန်းမာရေးဆိုင်ရာ အားနည်းသည်ဟု ဆုံးဖြတ်ခြင်း ခံထားရသူများ) | |
|---|---|---|---|---|---|
| | | | | **အပိုဆောင်း** | **အခြေခံ** |
| **ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ** | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် |
| **မျက်စိဆိုင်ရာ ဝန်ဆောင်မှုများ** | အကျိုးဝင်သည် | အကျိုးမဝင်ပါ* | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် |
| **သွားကျန်းမာရေး ဝန်ဆောင်မှုများ** | အကျိုးဝင်သည် | အကျိုးမဝင်ပါ* | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် |
| **အကြောပြင်ဝန်ဆောင်မှုများ** | အကျိုးဝင်သည် | အကျိုးမဝင်ပါ | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် |
| **ဆရာဝန်ညွှန်ကြားထားသော ဆေး** | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် |
| **စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ** | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် | အကျိုးဝင်သည် |

*အသက် 19-20 နှစ်အရွယ် အဖွဲ့ဝင်များမှ လွဲ၍

# HOOSIER ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်

Hoosier ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် (HHW) သည်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် Indiana ပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ဖြစ်သည်။

HHW အောက်တွင် အထူးရည်ရွယ်ထားသော လူအုပ်စုများနှင့် ကိုက်ညီအောင် ဆောင်ရွက်ထားသည့် မတူညီသော အစီအစဉ်ပတ်ကေ့ချ် နှစ်မျိုးရှိပါသည်။

**ပတ်ကေ့ချ် A-** ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် အပြည့်အစုံ ဝန်ဆောင်မှု အစီအစဉ်။ အဖွဲ့ဝင်များသည် လာရောက်ပြသသည့်အကြိမ်တိုင်းတွင် လစဉ်ပေးချေမှု သို့မဟုတ် သတ်မှတ်ထားသော တစ်စိတ်တစ်ပိုင်းပေးချေမှု မရှိပါ။

**ပတ်ကေ့ချ် C-** ကလေးများ၏ ကျန်းမာရေးအာမခံအစီအစဉ် (CHIP) ရှိ ကလေး များအတွက် အပြည့်အစုံဝန်ဆောင်မှု အစီအစဉ်။ မိသားစုဝင်ငွေအပေါ်အခြေခံ၍ အချို့သော ဝန်ဆောင်မှုများအတွက် လစဉ်ပေးချေမှု သို့မဟုတ် သတ်မှတ်ထား သော တစ်စိတ်တစ်ပိုင်းပေးချေမှု အနည်းငယ် ရှိပါသည်။

| | HHW ပက်ကေ့ချ် A | HHW ပက်ကေ့ချ် C |
|---|---|---|
| **ငွေပေးချေမှု** | ငွေပေးချေမှုမရှိပါ | လာရောက်ပြသသည့် အကြိမ်တိုင်းတွင် လစဉ်ပေးချေမှု သို့မဟုတ် သတ်မှတ်ထားသော တစ်စိတ်တစ်ပိုင်း ပေးချေမှု ကို အသုံးပြုနိုင်သည် |
| **ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ** | အကျုံးဝင်သည် | အကျုံးဝင်သည် |
| **EPSDT** (ကာကွယ်ဆေးများ (ဆေးထိုးခြင်းများ), စာတ်ခွဲခန်းများနှင့် ဆေးဆိုင် အပါအဝင်) | အကျုံးဝင်သည် | အကျုံးဝင်သည် |
| **သွားကျန်းမာရေးဝန်ဆောင်မှုများ** | အကျုံးဝင်သည် | အကျုံးဝင်သည် |
| **မျက်စိဆိုင်ရာ ဝန်ဆောင်မှုများ** | အကျုံးဝင်သည် | အကျုံးဝင်သည် |
| **ဆရာဝန်ညွှန်ကြားထားသော ဆေး** | အကျုံးဝင်သည် | အကျုံးဝင်သည် (သတ်မှတ်ထားသော တစ်စိတ်တစ်ပိုင်း ပေးချေမှုများနှင့်) |
| **စိတ်ကျန်းမာရေးဝန်ဆောင်မှုများ** | အကျုံးဝင်သည် | အကျုံးဝင်သည် |

ဤအစီအစဉ်များအကြောင်း ပိုမိုလေ့လာနိုင်ရန် **www.in.gov/medicaid** သို့ဝင်ရောက် ကြည့်ရှုပါ။



# သင် နှင့် သင့်ကျန်းမာရေးကို ကျွန်ုပ်တို့ ဂရုစိုက်ပါသည်။

ကျွန်ုပ်တို့၏ အစီအစဉ်များထဲမှ တစ်ခုတွင် သင့်ကို ပါဝင်စေချင်ပါသည်။ အကယ်၍ သင်သည် အခြားအစီအစဉ်တစ်ခုတွင် စာရင်းသွင်းပြီးဖြစ်ပါက အစီအစဉ်ရွေးချယ်ရေးကာလအတွင်း (နိုဝင်ဘာလ 1 ရက်နေ့မှ ဒီဇင်ဘာလ 15 ရက်နေ့အထိ) သို့မဟုတ် သင်ပြန်လည်ဆုံးဖြတ်သည့်ကာလ အတွင်း ပြောင်းလဲနိုင်ပါသည်။

CareSource နှင့်ပတ်သက်သည့် အချက်အလက်များ ပိုမိုသိရှိနိုင်ရန်-

**ဝင်ရောက်ကြည့်ရှုပါ** **CareSource.com/Indiana**
**ဖုန်းခေါ်ဆိုပါ** **1-844-607-2829** (TTY: 711)

## မေးစရာများ ရှိပါသလား။

HIP နှင့်ပတ်သက်သော မေးခွန်းများရှိပါက သို့မဟုတ် CareSource သို့ ပြောင်းလဲမည်ဆိုပါက ကျေးဇူးပြု၍ ဖုန်းခေါ်ဆိုပါ **1-877-GET-HIP-9 (1-877-438-4479)**.

သင်သည် HIP အဖွဲ့ဝင်တစ်ဦးဖြစ်ပါက သင်၏ အဖွဲ့ဝင်မှုကို စာရင်းသွင်းသည့်နေ့မှ စ၍ ရက် 60 အတွင်း ပြောင်းလဲနိုင်သည်။ သင် စာရင်းပေးသွင်းသည့်အချိန်တွင် ထပ်ဆောင်းသတင်းအချက်အလက်များကို စာတိုက်မှ တစ်ဆင့်ရရှိလိမ့်မည် သို့မဟုတ် Indiana မိသားစုနှင့် လူမှုရေးဝန်ဆောင်မှု ဝဘ်ဆိုဒ် **www.in.gov/fssa/hip** သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။.

သင့်တွင် HHW နှင့်ပတ်သက်သော မေးခွန်းများရှိပါက www.indianamedicaid.com သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် ဖုန်းခေါ်ဆိုပါ **1-800-403-0864**.

သင်သည် HHW အဖွဲ့ဝင်တစ်ဦးဖြစ်ပါက သင်၏ ကျန်းမာရေးအစီအစဉ်ကို အစီအစဉ်တစ်ခု၏ ပထမသုံးလ အတွင်း သို့မဟုတ် သင်၏ နှစ်စဉ် ပြန်လည်ဆုံးဖြတ်သည့်ကာလအတွင်း ပြောင်းလဲရန် ရွေးချယ်နိုင်သည်။

CareSource®

ချန်လှပ်ခြင်းများနှင့် ကန့်သတ်ချက်များ ရှိနိုင်ပါသည်။ အသေးစိတ်အချက်အလက် အပြည့်အစုံကို သိရှိရန် ကျေးဇူးပြု၍ CareSource ကို ဆက်သွယ်ပါ။

CareSource သည် သင့်ကျန်းမာရေးအချက်အလက်များကို ရေးသားခြင်း၊ ပြောဆိုခြင်းနှင့် အီလက်ထရောနစ်ဆိုင်ရာ နည်းလမ်းများအပါအဝင် နည်းအမျိုးမျိုးဖြင့် ကာကွယ်ပေးသည်။ ကျွန်ုပ်တို့၏ သီးသန့်ကိုယ်ရေးလုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက CareSource.com သို့ ဝင်ရောက်ကြည့်ရှုပါ။

CareSource သည် အသက်အရွယ်၊ လိင်၊ လိင်စိတ်နှင့်ပတ်သက်သော ကိုယ်ပိုင်ခံယူချက်၊ အသားအရောင်၊ လူမျိုး၊ မသန်စွမ်းမှု၊ မွေးဖွားရာနိုင်ငံ၊ အိမ်ထောင်ရှိ/မရှိ၊ လိင်စိတ်တိမ်းညွှတ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ ကျန်းမာရေးအခြေအနေ သို့မဟုတ် ပြည်သူ့အထောက်အပံ့ခံစားခွင့်အခြေအနေ စသည်တို့ကို အခြေပြု၍ ခွဲခြားဆက်ဆံမှုမရှိပဲ သက်ဆိုင်ရာ ပြည်နယ်နှင့် ဖယ်ဒရယ် လူ့အခွင့်အရေးဥပဒေများကို လိုက်နာလျက်ရှိသည်။

Si usted o alguien a quien ayuda tienen preguntas sobre CareSource, tiene derecho a recibir esta información y ayuda en su propio idioma sin costo. Para hablar con un intérprete, llame al 1-855-202-0729 (TTY: 711).

如果您或者您在帮助的人对 CareSource 存有疑问，您有权免费获得以您的语言提供的帮助和信息。如果您需要与一位翻译交谈，请致电 1-855-202-0729 (TTY: 711)。

© 2024 CareSource. မူပိုင်ခွင့်အားလုံး ထိန်းသိမ်းထားပါပြီးသားဖြစ်သည်။

ထုတ်ပြန်သည့် ရက်စွဲ- 11/01/2024
IN-MED-C-2739535a-BUR
OMPP ခွင့်ပြုသည့်နေ့ 10/25/2024